Australian Government
Department of Social Services



# မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်း

## မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်းဆိုတာဘာလဲ။

မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်းဆိုသည်မှာ ဆေးကုသမှုဆိုင်ရာ အကြောင်းရင်း တစ်စုံတစ်ရာ မရှိဘဲ အမျိုးသမီး၏ လိင်အင်္ဂါ ဧရိယာအား တ တမင်သက်သက် လှီးဖြတ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ဖြစ်သည်။
လှီးဖြတ်ခြင်း၊ မိန်းမကိုယ် ပြင်ပအစိတ်အပိုင်းအချို့ကို ဖြတ်ခြင်းနှင့် ထုံးတမ်း၊ ရိုးရာ၊ ဓလေ့အားဖြင့် အမျိုးသမီး ခွဲစိပ်ခြင်း အပါအဝင် ခေါ်ဆိုမှုများစွာ ရှိသည်။ **၎င်း**သည် အမျိုးသမီးများ၏ ကျန်းမာရေးကို ထိခိုက်စေပြီး ထိုသို့ ပြုလုပ်ရန် မလိုအပ်ပေ။

| |
|---|
| သင် သို့မဟုတ် သင်သိသောသူ တစ်ယောက်ယောက်သည် အန္တရာယ် ကျရောက်နေပါက ရဲတပ်ဖွဲ့ကို **000** ဖြင့် ဖုန်းဆက်ပါ။ |
| ဩစတြေးလျမှ ရဲတပ်ဖွဲ့သည် စိတ်ချရပြီး ယုံကြည်အားထားနိုင်ပါသည်။ |
| အခမဲ့၊ လျှို့ဝှက် တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက်အတွက် 1800RESPECT ကို **1800 737 732** ဖြင့် ဖုန်းဆက်ပါ။ |
| သင် အခမဲ့ စကားပြန်တစ်ယောက် လိုအပ်ပါက **131 450** ကို ဖုန်းဆက်ပါ။ |

## ဆေးကုသရေး အကူအညီနှင့် ပံ့ပိုးထောက်ကူမှု ဩစတြေးလျနိုင်ငံတွင် ရရှိနိုင်ပါသည်။

အကယ်၍ သင်သည် ဤလုပ်ငန်းစဉ်များအနက်တစ်ခုကြောင့် သက်ရောက်ထိခိုက်ခံရပါက သင်သည် အခ အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပံ့ပိုးထောက်ကူမှုကို ဩစတြေးလျနိုင်ငံတွင် ရယူနိုင်ပါသည်။ ဆရာဝန်များ၊ သူနာပြုများ၊ အခြား ဆေးကုသရေးဆိုင်ရာ ပညာရှင်များနှင့် ဆရာများသည် သင့်ကို အကူအညီပေးနိုင်ပါသည်။

အကယ်၍ သင်သည် ကလေးယူရန် စီစဉ်နေပါက သင် ကိုယ်ဝန်ဆောင်စဉ်နှင့် သင့်ကလေးကို မွေးဖွားစဉ်တွင် အပ အပို ပံ့ပိုးထောက်ကူမှုကို ရရှိရန် ဆရာဝန်၊ သူနာပြုတစ်ယောက် သို့မဟုတ် အခြား ဆေးကုသရေးဆိုင်ရာ ပညာ ပညာရှင်များနှင့် ပြောဆိုဆွေးနွေးလိုက ဆွေးနွေးနိုင်ပါသည်။

## မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်းသည် ဩစတြေးလျနိုင်ငံတွင် ကြီးလေးသော ပြစ်မှုတစ်ခုဖြစ်သည်။

မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်းသည် ဩစတြေးလျနိုင်ငံတွင် ဥပဒေနှင့် ဆန့်ကျင်သည်။ ၎င်းတွင် လုပ်ငန်းစဉ်တစ်ခုကို ဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံရပ်ခြားသို့ ပို့ခြင်း၊ သို့မဟုတ် ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း၊ ဤသို့လုပ်ဆောင်ရန် တစ်စုံတစ်ယောက်အား ပံ့ပိုးထောက်ကူခြင်း သို့မဟုတ် တိုက်တွန်းအားပေးခြင်းများ ပါဝင်သည်။

ဤပြစ်မှုများကို ကျူးလွန်သူ တစ်ယောက်သည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ထောင်ကျနိုင်သည်။

အကယ်၍ သင်သည် ဤလုပ်ငန်းစဉ်များအနက်တစ်ခုကြောင့် သက်ရောက်ထိခိုက်ခံရပါက အကူအညီ ရယူရန် သင့်အား တု တိုက်တွန်းပါသည်၊ ဩစတြေးလျဥပဒေအရ သင့်အား အပြစ်ပေးလိမ့်မည် မဟုတ်ပေ။

## အကူအညီပေးနိုင်သည့် အခြားဝန်ဆောင်မှုများနှင့် အရင်းအမြစ်များ ရှိပါသည်။

မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်းဆိုင်ရာ သတ သတင်းအချက်အလက်များကို မိန်းမ အင်္ဂါ ဖြတ်တောက်ခြင်း/လှီးဖြတ်ခြင်းအတွက် နိုင်ငံလုံးဆိုင်ရာ ပညာပေးရေး အစီအစဉ် (**National Education Toolkit for Female Genital Mutilation/Cutting Awareness**) ဝက်ဘ်ဆိုက် **www.netfa.com.au** တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

**1800RESPECT** သည် ဩစတြေးလျ နိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု၊ မိသားစုတွင်းနှင့် အိ အိမ်တွင်း အကြမ်းဖက်မှု တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှုဌာန (Australia’s national sexual assault, family and domestic violence counselling service) ဖြစ်သည်။ ၎င်းသည် အခမဲ့၊ လျှို့ဝှက် တယ်လီဖုန်းနှင့် အွန်လိုင်း တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက်များကို ပေးအပ်သည်။ အကြံပေးများသည် သင် ပြောပြသည သည်ကို နားထောင်ပြီး မေးခွန်းများကို ဖြေကြားကာ သင့် ဒေသဆိုင်ရာ ဧရိယာအတွင်းရှိ အခြား ထောက်ကူပံ့ပိုးရေး ဝန ဝန်ဆောင်မှုများသို့ သင့်အား လွှဲပြောင်းပေးနိုင်သည်။

**1800 737 732** ကို ဖုန်းဆက်ပါ သို့မဟုတ် **1800RESPECT** ဂက်ဘ်ဆိုက်ကို **www.1800RESPECT.org.au** တွင် ဂင်ရောက်ကြည့်ရှုပါ။

သင် သို့မဟုတ် သင်သိသောသူ တစ်ယောက်ယောက်သည် လုပ်ငန်းစဉ်အတွက် နိ
နိုင်ငံရပ်ခြားသို့ ခေါ်ဆောင်ခြင်းခံရသည် သို့မဟုတ် လုပ်ငန်းစဉ်အတွက် နိ
နိုင်ငံပြင်ပသို့ ခေါ်ဆောင်ခံရသည့် အန္တရာယ် ကျရောက်နေသည်ဟု သင်ယူဆပါက ပိတ်ရက်မရှိဖွင့်သည့် ကောင်စစ်ဂန် အရေးပေါ် ဌာန (Consular Emergency Centre)ကို **1300 555 135** (ဩစတြေးလျမှ) သို့မဟုတ် **+61 2 6261 3304** (နိုင်ငံရပ်ခြားမှ) ဖြင့် ဖုန်းဆက်ပါ သို့မဟုတ် **dfat.gov.au** တွင် အနီးဆုံး ဩစတြေးလျ နိုင်ငံရပ်ခြား သံရုံးကို ဆက်သွယ်ပါ။

## သင်သည် စကားပြန်တစ်ယောက် လိုအပ်ပါသလား။

**ဘာသာပြန်နှင့် စကားပြန် ဂန်ဆောင်မှု** (**Translating and Interpreting Service**) (TIS) ကို **131 450** ဖြင့် ဖုန်းဆက်ပါ။ သင် အခြားဂန်ဆောင်မှုများနှင့် ဆက်သွယ်ရန် TIS မှ စကားပြန်တစ်ယောက်က  သင့်အား ကူညီနိုင်ပါသည်။ သို့ရာတွင် TIS သည် တိုင်ပင်ဆွေးနွေးခြင်းကို မပေးအပ်ပါ။ ဤခေါ်ဆိုမှုများအားလုံးသည် အခမဲ့ဖြစ်ပြီး လျှို့ဂှက်ဖြစ်ပါသည်။